# ယေရှုဘုရင်ပွဲနေ့

ရှင်လုကာ ၂၃း ၃၅ - ၄၃

ယေရှုဘုရင်ပွဲဟာ နိုင်ငံရေး အုပ်ချုပ်ပုံစနစ်ကို ပြောနေတာ မဟုတ်ပါဘူး။ အုပ်ချုပ်တဲ့သူမှာ ရှိရမည့် အရည်အချင်းတွေကို ပြနေပါတယ်။ ကျနော်တို့ ကမ္ဘာမှာ ယေရှုဘုရင်ကဲ့သို့ ခေါင်းဆောင်မျိုးတွေ လိုအပ်နေပါတယ်။ လောက ခေါင်းဆောင်တွေက များသောအားဖြင့် ကိုယ့်အတွက်ကိုပဲ ကြည့်တတ်တယ်။ ကိုယ့်မိသားစုအတွက်ပဲ အာဏာကို လိုချင်ကြတယ်။ ကိုယ့်ကိုယ်ကို ကြီးပွါးချမ်းသာဖို့၊ ကိုယ့်အဖွဲ့အတွက် ချမ်းသာဖို့ လုပ်နေကြတယ်။ အဲလိုခေါင်းဆောင်တွေကတော့ တစ်နေ့မဟုတ် တစ်နေ့တော့ ကျရှုံးကြပါလိမ့်မယ်။

နောက်ထပ် အန္တရာယ်များတဲ့ ခေါင်းဆောင်မျိုးကတော့ ကိုယ့်နိုင်ငံအတွက်ပဲ ကြည့်တတ်တယ်။ ကိုယ့်လူမျိုးအတွက်ပဲ တိုးတက်ကြွယ်ဝဖို့ လုပ်တယ်။ တစ်ခြားနိုင်ငံ ဘယ်လို ဒုက္ခရောက်နေပါစေ စိတ်ထဲထည့်မစဉ်းစားဘူး။ ကိုယ့်နိုင်ငံ ချမ်းသာကြွယ်ဝဖို့ဆိုရင် တစ်ခြားနိုင်ငံတွေကို ချနင်းချင်ကြတယ်။ ကိုယ့်နိုင်ငံ ချမ်းသာဖို့ သူများနိုင်ငံကနေ သူခိုးဈေးနဲ့ ရယူချင်ကြတယ်။ သူများနိုင်ငံ ဘယ်လိုဒုက္ခရောက်ရောက် သူက အနေသာကြီးပဲဆိုတဲ့ခေါင်းဆောင်မျိုးကလည်း ယုတ်မာတဲ့ခေါင်းဆောင်ပါပဲ။ ကိုယ့်နိုင်ငံကိုပဲ စစ်ရေးအရ တိုးချဲ့ချင်တယ်။ သူတစ်ပါးနိုင်ငံကို အသုံးချပြီး ကိုယ့်နိုင်ငံစီးပွါးရေးမှာ ချမ်းသာချင်တယ်။ နည်းပညာမှာ တိုးတက်စေချင်တယ်။အဲလို အမျိုးသားရေးခေါင်းဆောင်တွေဟာလည်း လူသားမျိုးနွယ်တစ်ခုလုံးအတွက် အန္တရာယ်ရှိပါတယ်။ လူသားတိုင်းဟာ တန်းတူအခွင့်အရေးရသင့်တယ်။ သူတို့နိုင်ငံပဲ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်ဖို့ လုပ်နေကြတယ်။

အသင်းတော်မှာလည်း ဒီအတိုင်းပါပဲ။ ကိုယ့်ဘာသာဝင်တွေကိုပဲ ကြည့်ရတာမဟုတ်ဘူး။ လူသားအားလုံးကို ကြည့်ရပါမယ်။ ဒါကြောင့် ကျနော်တို့ကိုယ်ကို ခရစ်ယာန်လို့ပဲ ခေါ်တာမဟုတ်ဘူး။ ကက်သလစ် လို့ ခေါ်ကြပါတယ်။ ဘာလို့လဲ - ကက်သလစ် ဆိုတာ လူအားလုံးနှင့် ဆိုင်သော၊ Universal ကျနော်တို့ ဘာသာက ကိုယ့်ဘာသာဝင်လေးလောက်ပဲ ဂရုစိုက်ရတာမဟုတ်ဘူး။ လူအားလုံးကို ဂရုစိုက်ရမယ်လို့ သင်ပေးတာပေါ့။ လူတိုင်းက ဘုရားသခင်ရဲ့သားသမီးတွေလေ။ လူတိုင်း တစ်ယောက်မကျန်က အရေးကြီးပါတယ်။ ဒါကြောင့် လူတိုင်းကို ချစ်ခြင်းမေတ္တာနဲ့ပဲ အုပ်ချုပ်ရမယ်၊ တရားမျှတခြင်းနဲ့ အုပ်ချုပ်ရမယ်။ ဒါကြောင့် ကျနော်တို့ ကြွေးကြော်ကြတာက ယေရှုဘုရားရှင်က စကြာဝဠာတစ်ခုလုံးရဲ့ ရှင်ဘုရင် ဖြစ်တော်မူတယ်၊ ဘုရင်တကာတို့ရဲ့ဘုရင် ဖြစ်တော်မူတယ်။ လူတစ်မျိုးတည်းရဲ့ဘုရင် မဟုတ်ဘူး၊ တစ်နိုင်ငံတည်းရဲ့ဘုရင် မဟုတ်ဘူး၊ တစ်ဘာသာတည်းရဲ့ဘုရင် မဟုတ်ဘူး။ ယေရှုဘုရင်က လူသားတိုင်းရဲ့ဘုရင် ဖြစ်တော်မူပါတယ်။ ယေရှုဘုရားရှင် ဆင်းကြွလာပြီး တရားပေးတာက ကျနော်တို့တွေ လူ့ဂုဏ်သိက္ခာအတိုင်း နေထိုင်နိုင်ဖို့ပါပဲ၊ လူ့အခွင့်အရေး အပြည့်အဝရရှိဖို့ပါပဲ။ ကျနော်တို့ လူသားတိုင်း မခွဲခြားပဲ စည်းလုံးညီညွတ်ကြဖို့ ဆင်းကြွလာတာပါ။ မစည်းလုံးစေပဲ ကွဲပြားစေတဲ့ခေါင်းဆောင်က ကမ္ဘာပေါ်မှာ

မရှိသင့်ဆုံးခေါင်းဆောင်ပါပဲ။ အဲဒါ ကမ္ဘာကြီးအတွက် အန္တရာယ်ကြီးတယ်နော်။

ယေရှုဘုရားရှင်က အကောင်းဆုံးခေါင်းဆောင်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ သူ့ကိုယ်သူ အောက်ခြေလူတန်းစားနဲ့ တန်းတူထားတယ်။ ဒါကြောင့်ပဲ ရှင်မာတေဦး ၂၅ မှာ "သင်တို့သည် စားစရာမရှိသောသူတို့အား စားစရာပေးရင် ဒါ ငါ့ကို ပေးတာနဲ့ အတူတူပဲ" တဲ့။ ထောင်ကျနေတဲ့သူကို ဂရုစိုက်တာဟာ ငါ့ကို ဂရုစိုက်တာနဲ့အတူတူပဲ၊ ဆေးရုံရောက်နေတဲ့သူကို ဂရုစိုက်ကြတာဟာ ငါယေရှုဘုရင်ကို ဂရုစိုက်တာနဲ့ အတူတူပဲ တဲ့။ ဖျားတဲ့ပြည်သူတွေကို သိတယ်၊ ဆင်းရဲတဲ့ပြည်သူတွေကို သိတယ်။ အဲဒီလို ကိုယ့်ကိုယ်ကို အောက်ခြေလူတန်းစားနဲ့ နှိုင်းယှဉ်တတ်တဲ့ခေါင်းဆောင်၊ အောက်ခြေလူတန်းစားကအစ အုပ်ချုပ်ခံပြည်သူတွေကို ကိုယ်ချင်းစာတတ်၊ ဂရုစိုက်တတ်တဲ့ခေါင်းဆောင်ဟာ အကြီးမြတ်ဆုံးခေါင်းဆောင်ပါပဲ။ ပြည်သူတွေရဲ့ ဝမ်းနည်းချက်တွေကို သိတယ်။ ပြည်သူတွေရဲ့ ဆန္ဒကို နားထောင်တယ်။ ခေါင်းဆောင်ကောင်းဟာ သူ့ သမတရုံးကနေ လူထုအကြား သွားလာတတ်သူဖြစ်ရမယ်။ ပြည်သူလူထုနဲ့ တစ်လုံးတစ်ဝတည်း ရှိရမယ်။ အဲလိုမဟုတ်ပဲ ပြည်သူလူထုရဲ့အထက်မှာ ရှိနေရင်တော့ ခေါင်းဆောင်ကောင်း မဟုတ်ဘူး။

ယေရှုဘုရင် ကြွလာတာက သူ့ရဲ့အသွေးနဲ့ လူတွေရဲ့အပြစ်ကို ကယ်ချွတ်ဖို့ ဆင်းကြွလာတာပဲ။ ပေးဆပ်ဖို့ ဆင်းကြွလာတာပါ။ဒါကြောင့် သနားတတ်တယ်။ ခွင့်လွှတ်တတ်တယ်။ မှန်ရာကို လမ်းညွှန်ပေးတတ်တယ်။ တစ်ချို့ခေါင်းဆောင်တွေက လူအများကြိုက်ရင် ပြီးရောဆိုပြီး မှားမှားမှန်မှန် လုပ်တတ်ကြတယ်။ ယေရှုဘုရင်ကိုယ်တော်တိုင်က အမှန်တရားဖြစ်တယ်။ ယေရှုဘုရင်ကိုယ်တော်တိုင်က ချစ်ခြင်းမေတ္တာဖြစ်တော်မူတယ်။

ယေရှုဘုရင်က သူတစ်ပါးတွေကို ခိုင်းဖို့လာတာမဟုတ်ဘူး။ သူကိုယ်တိုင်က အများကောင်းကျိုးအတွက် အစေခံဖို့ လာတာပါ။ ဒါကြောင့် **တိုင်းပြည်ကို အုပ်ချုပ်တယ်၊ အုပ်ချုပ်တယ်ဆိုတာက တကယ်တော့ ပြည်သူလူထုကို အလုပ်အကျွေးပြုစုတာပါပဲ။** ဒါကြောင့် ခေါင်းဆောင်ကောင်းဆိုတာက တစ်သက်လုံး သူပဲ အုပ်ချုပ်ဖို့ မစဉ်းစားပါဘူး၊ သူ့ထက်ကောင်းတဲ့ ခေါင်းဆောင်တွေ ပေါ်ထွန်းဖို့ ပြုစုပျိုးထောင်ပေးလေ့ရှိပါတယ်။ ယေရှုဘုရင်ကို ကြည့်ပဲ့လား၊ သူ တစ်ပါးတည်း အုပ်ချုပ်မသွားဘူး၊ သူက အစေခံဖို့သင်ကြားပေးထားတဲ့ တပည့်တော်ကြီး ၁၂ ပါးကို ခန့်အပ်ထားခဲ့တယ် မဟုတ်လား။ သူ့တပည့်တော်ကြီးတွေအားလုံးတော့ ခေါင်းဆောင်ကောင်းတွေမဟုတ်ကြပေမယ့် သူတို့အမှားတွေကို သူတို့က သင်ခန်းစာယူပြီး ကျိုးစားမယ့်သူတွေဆိုတာကိုတော့ အာမခံပါတယ်။ ကျနော်တို့ကလည်း အဲလိုအမှားမျိုးကျ နားလည်လက်ခံပါတယ်။

ယနေ့ ယေရှုဘုရင်ပွဲနေ့မှာ တရားမျှတစွာ အုပ်ချုပ်တဲ့၊ ချစ်ခြင်းမေတ္တာနဲ့ အုပ်ချုပ်တဲ့ယေရှုဘုရင်ရဲ့အုပ်စိုးမှုကို ခံယူကြပါစို့။